# 4 မော်တော်ယာဉ်ခွန် နှင့် အပေါ့စားမော်တော်ယာဉ်ခွန်

## 4-1 မော်တော်ယာဉ်ခွန်

မော်တော်ယာဉ်ခွန်သည် နှစ်စဉ် ဧပြီလ ၁ရက်နေ့ လက်ဝယ်ရှိ၊ မော်တော်ယာဉ်ကို ပိုင်ဆိုင်ထားသူမှ ထမ်းဆောင်ရသောအခွန်ဖြစ်သည်။ ခရိုင်ရုံးမှ အခွန်ထမ်းဆောင်ရန် အသိပေးအကြောင်းကြားစာ ရရှိချိန်တွင် အခွန်ထမ်းဆောင်ချိန်ကာလအတွင်းတွင် ဘဏ်နှင့် စာတိုက်စသည်တို့တွင် ပေးသွင်းနိုင်သည်။

## 4-2 အပေါ့စားမော်တော်ယာဉ်ခွန်

အပေါ့စားမော်တော်ယာဉ်ခွန်သည် နှစ်စဉ်ဧပြီလ ၁ရက်နေ့ လက်ဝယ်ရှိ၊ စက်တပ်စက်ဘီးများ၊ အသေးစားစက်တပ်ယာဉ်ငယ်များ၊ အပေါ့စားမော်တော်ကားများ၊ ဘီး၂ဘီးပါ အသေးစား

မော်တော်ကားများ စသည်တို့၏ ယာဉ်ပိုင်ရှင်များက ပေးဆောင်ရသော အခွန်ဖြစ်သည်။ မြို့နယ်ရုံးမှ အခွန်ထမ်းဆောင်ရန် အသိပေးအကြောင်းကြားစာ ရရှိချိန်တွင် အခွန်ထမ်းဆောင်ရမည့် ကာလအတွင်းတွင် ဘဏ်နှင့် စာတိုက်စသည်တို့တွင် ပေးသွင်းနိုင်သည်။

## 4-3 အခြားသောအခွန်များ

မော်တော်ယာဉ်နှင့် ဆက်စပ်သောအခွန်အဖြစ် မော်တော်ယာဉ်ခွန်၊ အပေါ့စားမော်တော်ယာဉ်ခွန် စသည်တို့၏ ဒေသအခွန်အပြင် နိုင်ငံသို့ပေးဆောင်ရသော အခွန်အဖြစ် မော်တော်ယာဉ် အလေးချိန်ခွန်လည်းရှိပါသည်။

## 4-4 မှတ်ပုံတင်ခြင်း

မော်တော်ယာဉ်ခွန်၊ အပေါ့စားမော်တော်ယာဉ်ခွန်သည် ဧပြီလ ၁ရက်နေ့တွင် လက်ဝယ်ပိုင်ဆိုင်သူမှ ပေးဆောင်ရပါသည်။ သင်ပိုင်ဆိုင်သော မော်တော်ယာဉ်၊ အပေါ့စားမော်တော်ယာဉ်ကို အခြားလူသို့ လွှဲပြောင်းပေးသည့်အခါ၊ ဖျက်သိမ်းယာဉ်အဖြစ် ပြုလုပ်သည့်အခါ၊ ထို့အပြင် ခိုးယူခံရသည့်အခါ စသည်တို့တွင် အနီးဆုံး သယ်ယူပို့ဆောင်ရေးရုံးခွဲတွင် အမည်ပြောင်းခြင်း နှင့် ယာဉ်ဖျက်သိမ်းခြင်းမှတ်ပုံတင်တို့ကို မလုပ်မဖြစ် ပြုလုပ်ရမည်။ အမည်ပြောင်းခြင်း၊ ယာဉ်ဖျက်သိမ်းခြင်း လုပ်ထုံးလုပ်နည်းများကို မပြုလုပ်လျှင် ဆက်လက်၍ သင်အခွန်ပေးနေရမည် ဖြစ်သည်။

## မော်တော်ယာဉ်အမျိုးအစားများ နှင့် အခွန်ကောက်ခံသော အခွန်အမျိုးအစားများ




ရည်ညွှန်း။ ။ တိုကျိုမြို့တော်အခွန်ဌာန